# ကရင်ပြည်နယ်လွှတ်တော်

## ကရင်ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ

၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက်

ကချင်ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ

မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း (၁) | အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂) | ရည်ရွယ်ချက် | ၃ |
| ၃။ | အခန်း (၃) | ကုန်တင်ကုန်ချကော်မတီနှင့် ရုံးများဖွဲ့စည်းခြင်း | ၃ |
| ၄။ | အခန်း (၄) | ကုန်တင်ကုန်ချကော်မတီများ၏ လုပ်ငန်းတာဝန်များ | ၅ |
| ၅။ | အခန်း (၅) | ကြီးကြပ်ကွပ်ကဲသူ၊ အလုပ်ရှင်နှင့် အလုပ်သမားများ၏ တာဝန်များ | ၇ |
| ၆။ | အခန်း (၆) | ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့်နှင့် ကုန်တင်ကုန်ချကော်မတီနှင့် ရုံးများတိုးချဲ့ဖွဲ့စည်းခြင်း | ၉ |
| ၇။ | အခန်း (၇) | ကုန်တင်ကုန်ချကော်မတီနှင့် ရုံးများဖျက်သိမ်းခြင်း | ၁၀ |
| ၈။ | အခန်း (၈) | အလုပ်သမားအင်အား သတ်မှတ်ဖွဲ့စည်းခြင်း၊ တာဝန်ချထားခြင်း | ၁၀ |
| ၉။ | အခန်း (၉) | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး | ၁၁ |
| ၁၀။ | အခန်း (၁၀) | သက်သာချောင်ချိရေးရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း | ၁၁ |
| ၁၁။ | အခန်း (၁၁) | အလုပ်သမားသက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | ၁၂ |
| ၁၂။ | အခန်း (၁၂) | လုပ်ငန်းခွင်စည်းကမ်းချက်များသတ်မှတ်ခြင်းနှင့် အရေးယူခြင်း | ၁၃ |
| ၁၃။ | အခန်း (၁၃) | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၁၃ |
| ၁၄။ | အခန်း (၁၄) | အထွေထွေ | ၁၄ |

# ကရင်ပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃ ။)

## ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်

## (၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၁၈၈ ၌ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

## အခန်း (၁)

## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ကရင်ပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်း** ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ကရင်ပြည်နယ် တစ်ဝန်းလုံး၌အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် ယှက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ ကရင်ပြည်နယ်ကိုဆိုသည်။

(ခ) **ပြည်နယ်အစိုးရအဖွဲ့** ဆိုသည်မှာ ကရင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ကရင်ပြည်နယ်အစိုးရအဖွဲ့ အလုပ်သမားရေးရာများကို တာဝန် ယူဆောင်ရွက်သည့် ဝန်ကြီးဌာနကိုဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ကရင်ပြည်နယ်အစိုးရအဖွဲ့ အလုပ်သမားရေးရာများကို တာဝန် ယူဆောင်ရွက်သည့် ဝန်ကြီးကိုဆိုသည်။

(င) **ကုန်တင်ကုန်ချလုပ်ငန်း** ဆိုသည်မှာ ပြည်နယ်အတွင်းရှိ သင်္ဘောဆိပ်၊ လေဆိပ်၊ အဝေးပြေးကားဂိတ်၊ ဘူတာရုံ၊ ရေယာဉ်ဆိပ်၊ ဈေးနှင့်ပွဲရုံများစသည့် အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမားများ၏ ကာယအားကိုအသုံးပြုပြီး ကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်အချ၊ အရွှေ့အပြောင်း ပြုလုပ်ပေးရသော ဝန်ဆောင်မှု လုပ်ငန်းကိုဆိုသည်။

(စ) **ပြည်နယ်ကုန်တင်ကုန်ချကော်မတီ** ဆိုသည်မှာ ပြည်နယ်အတွင်းရှိ ကုန်တင်ကုန်ချ လုပ်ငန်းများကို စီမံခန့်ခွဲရန်နှင့် ကြီးကြပ်ကွပ်ကဲရန် ပြည်နယ်အစိုးရအဖွဲ့၏

သဘောတူညီချက်ဖြင့် ဤဥပဒေအရ ဖွဲ့စည်းထားသော ပြည်နယ်အဆင့် ကော်မတီကိုဆိုသည်။

(ဆ) **ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံး** ဆိုသည်မှာ ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်။

(ဇ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီ** ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းများ နှင့်စပ်လျဉ်း၍ဤဥပဒေအရ ဖွဲ့စည်းထားသော မြို့နယ်အဆင့် ကော်မတီကိုဆိုသည်။

(ဈ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး** ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းဖွင့်လှစ်ထားသောရုံးကို ဆိုသည်။

(ည) **အလုပ်ရှင်** ဆိုသည်မှာ ဤဥပဒေပါ ကုန်တင်ကုန်ချလုပ်ငန်းများတွင် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများအား အခကြေးငွေဖြင့် ငှားရမ်းလုပ်ကိုင်စေ၍ လုပ်ခပေးရန်တာဝန်ရှိသည့်ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အစုအဖွဲ့ကို ဆိုသည်။

(ဋ) **အလုပ်သမား** ဆိုသည်မှာ မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများကိုဆိုသည်။

(ဌ) **မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမား** ဆိုသည်မှာ ပြည်နယ်ကုန်တင်ကုန်ချကော်မတီက အသိအမှတ်ပြုထားသော မြို့နယ်ကုန်တင်ကုန်ချ ကော်မတီရုံးများနှင့် ဖွင့်လှစ်ခွင့်ပြုထားသော လုပ်ငန်းဌာနခွဲများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် လုပ်သားမှတ်ပုံတင်အမှတ် ရရှိထားပြီးသော အလုပ်သမားကို ဆိုသည်။

(ဍ) **သက်သာချောင်ချိရေးရန်ပုံငွေ** ဆိုသည်မှာ မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် ၎င်းတို့၏နေ့စဉ်လုပ်ခရငွေများထဲမှသတ်မှတ်ခွင့်ပြုထားသော ရာခိုင်နှုန်းအလိုက် ဖြတ်တောက်၍ လစဉ်ထည့်ဝင်ကြေးဖြင့်လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းများက တာဝန်ယူရသောလုပ်ငန်းများမှရငွေဖြင့်လည်းကောင်း၊ ဆိုင်ရာအလုပ်ရှင်၏ လှူဒါန်းငွေဖြင့်လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေဖြင့်လည်းကောင်း စုဆောင်းထားသောရန်ပုံငွေကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရန်၊

(ခ) အလုပ်သမားများ၏ လုပ်အားနှင့်ထိုက်တန်သော လုပ်ခအပြည့်အဝရရှိစေရန်၊

(ဂ) အလုပ်သမားများ၏ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ သက်သာချောင်ချိရေးနှင့်ဘဝအာမခံချက်များရရှိစေရန်၊

(ဃ) အလုပ်သမားများ၏ လုပ်ငန်းခွင်တည်ငြိမ်တိုးတက်ကောင်းမွန်စေရန်နှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရန်၊

(င) အလုပ်သမားများ၏ လုပ်ငန်းခွင်စည်းကမ်း လိုက်နာမှုကောင်းမွန်စေရန်။

## အခန်း (၃)
## ကုန်တင်ကုန်ချကော်မတီနှင့် ရုံးများဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်တင်ကုန်ချလုပ်ငန်းနှင့် စပ်လျဉ်းသည့် ကုန်တင်ကုန်ချကော်မတီနှင့် ရုံးများကို ဖွဲ့စည်း၊ ဖွင့်လှစ်နိုင်သည်။ ဖွဲ့စည်း၊ ဖွင့်လှစ်မှုကိုပြုနိုင်သည်။

၅။ ပြည်နယ်နှင့် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများ၊ မြို့နယ်ကုန်တင်ကုန်ချ ကော်မတီရုံးလက်အောက်ရှိ လုပ်ငန်းဌာနခွဲများကို ဌာနဆိုင်ရာ ဖွဲ့စည်းပုံများနှင့်အညီ ဖွဲ့စည်းထားရှိရမည်။

၆။ ဝန်ကြီးသည် ပြည်နယ်ကုန်တင်ကုန်ချကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် -

(က) ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သူ ဥက္ကဋ္ဌ

(ခ) ပြည်နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ် အဖွဲ့ဝင်

(ဂ) ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ကိုယ်စားလှယ် ။

(ဃ) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ကိုယ်စားလှယ် ။

(င) ဒုတိယရဲမှူးအဆင့်ထက်မနိမ့်သော ပြည်နယ်ရဲတပ်ဖွဲ့မှ ကိုယ်စားလှယ် ။

(စ) ပြည်နယ်ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ် ။

(ဆ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ကိုယ်စားလှယ် ။

(ဇ) လူမှုဖူလုံရေးရုံးမှ ကိုယ်စားလှယ် ။

(ဈ) ဘားအံမြို့နယ် ကုန်တင်ကုန်ချကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး

၇။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်။

၈။ ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်နယ်ကုန်တင်ကုန်ချကော်မတီကို ပြောင်းလဲခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းပြုနိုင်သည်။

၉။ ပုဒ်မ ၆ အရ ဖွဲ့စည်းခဲ့သော ပြည်နယ်ကုန်တင်ကုန်ချကော်မတီတွင် အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်ပါက အဆိုပါလစ်လပ်သည့်နေရာများ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းခဲ့သော သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းမှ ကိုယ်စားလှယ်ဖြင့် ဖြည့်စွက်ခန့်ထားရမည်။

၁၀။ ဝန်ကြီးသည် လိုအပ်ပါက ခရိုင်ကုန်တင်ကုန်ချကော်မတီကို ဖွဲ့စည်းပေးနိုင်သည်။

၁၁။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် မြို့နယ်ကုန်တင်ကုန်ချကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် -

| | | |
|---|---|---|
| (က) | ဦးစီးအရာရှိ၊ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်မော်တော်ယာဉ်အသင်းအဖွဲ့များမှ ရွေးချယ်ပေးသော ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (င) | ရဲအုပ်အဆင့်ထက်မနိမ့်သော မြို့နယ်ရဲတပ်ဖွဲ့မှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (စ) | အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သည့် ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးမှူး သို့မဟုတ် ဝန်ထမ်း | အတွင်းရေးမှူး |

၁၂။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်။

၁၃။ ပုဒ်မ ၁၁ အရဖွဲ့စည်းခဲ့သော မြို့နယ်ကုန်တင်ကုန်ချကော်မတီတွင် အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်ပါက အဆိုပါလစ်လပ်သည့်နေရာများ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ဖွဲ့စည်းခဲ့သော သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းမှ ကိုယ်စားလှယ်ဖြင့် ဖြည့်စွက်ခန့်ထားရမည်။

## အခန်း (၄)

## ကုန်တင်ကုန်ချကော်မတီများ၏ လုပ်ငန်းတာဝန်များ

၈။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြို့နယ်ကုန်တင်ကုန်ချကော်မတီကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများ၏ အဖွဲ့ဝင်များ ပြင်ဆင်ပြောင်းလဲခြင်း၊ ရပ်စဲခြင်း၊ နှုတ်ထွက်ခြင်းများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား စိစစ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အမိန့်များထုတ်ပြန်ခြင်း၊

(ဂ) မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးကို မြို့နယ်အလိုက်ဖွင့်လှစ်ခွင့်ပြုခြင်း၊ ရုံးအဖွဲ့ကို စာရင်းကိုင်နှင့် ကော်မတီခန့်ဝန်ထမ်းများ အပါအဝင်ဖွဲ့စည်းခွင့်ပြုခြင်း၊

(ဃ) ကုန်တင်ကုန်ချကော်မတီမှ တင်ပြလာသော လုပ်ငန်းဌာနခွဲအလိုက် လုပ်ငန်းခွင် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းကို ခွင့်ပြုခြင်းနှင့် အတည်ပြုခြင်း၊

(င) လုပ်ငန်းဌာနခွဲအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းခွင့်ပြုချက်ရရှိသူ သို့မဟုတ် ယင်းက ခန့်အပ်တာဝန်ပေးထားသူနှင့် အလုပ်သမားမျိုးအဆင့်ဆင့်တို့ကို အခြေခံ၍ လုပ်ငန်းခွင်ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(စ) ကုန်တင်ကုန်ချလုပ်အားခကို ဒေသန္တရကုန်ဈေးနှုန်းများနှင့်လျော်ညီစွာ ထိုက်တန်သောလုပ်ခနှုန်းထားများ ဖြစ်စေရေးအတွက် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာများနှင့် ညှိနှိုင်းသတ်မှတ်ပြီး ဝန်ကြီးထံတင်ပြ အတည်ပြုချက် ရယူခြင်း၊

(ဆ) မြို့နယ်ကုန်တင်ကုန်ချကော်မတီမှ အတည်ပြုပေးရန်တင်ပြလာသော ကုန်တင် ကုန်ချလုပ်ငန်းနေရာများအား စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊

(ဇ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများက တင်ပြလာသော မှတ်ပုံဝင် အလုပ်သမား အင်အားစာရင်းကို အတည်ပြုခြင်း၊

(ဈ) အလုပ်သမားများအား လုပ်ငန်းခွင်ကြီးကြပ်နိုင်ရေးအတွက် စောင့်ရှောက်ရေးမှူး၊ အလုပ်သမားစုမှူး၊ အလုပ်သမားမှူး စသည့်ရာထူးများခန့်ထားခြင်း၊ နှုတ်ထွက်ခြင်း၊ ရပ်စဲခြင်း၊

(ည) အလုပ်သမားသစ်များ တိုးချဲ့ခန့်ထားခြင်း၊ အင်အားလျှော့ချခြင်း၊ အရေးယူခြင်း၊ ထုတ်ပယ်ခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်၍ ကြီးကြပ်ခြင်းနှင့် အတည်ပြု မိန့်များထုတ်ပေးခြင်း၊

(ည) ကုန်တင်ကုန်ချလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက် ခြင်းရှိမရှိ အဖွဲ့ဝင်တစ်ဦးအား တာဝန်ပေးအပ်၍ဖြစ်စေ၊ အဖွဲ့ဖွဲ့စည်း၍ဖြစ်စေ စစ်ဆေးစေခြင်း၊

(ဋ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများရှိ အလုပ်သမားများအနက် တစ်ဦးဦးကဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ၊ အငြင်းပွားမှုများအပေါ် စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးစေခြင်း၊ အဆုံးအဖြတ်ပေးခြင်း၊

(ဌ) အလုပ်သမားများအား ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ပေးခြင်း၊

(ဎ) ကုန်တင်ကုန်ချလုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စနစ်တကျဆောင်ရွက်ခြင်း၊

(ဏ) အလုပ်သမားများ၏ သက်သာချောင်ချိရေးဆိုင်ရာ ရန်ပုံငွေများ တည်ထောင်ခြင်းနှင့် သက်သာချောင်ချိရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့အပေါ် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့်စစ်ဆေးခြင်း၊

(တ) လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးနှင့် လုပ်ငန်းခွင်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ထ) ဤဥပဒေအရ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများရေးဆွဲ၍ ထုတ်ပြန်နိုင်ရန် ဝန်ကြီးသို့တင်ပြခြင်း၊

(ဒ) ဝန်ကြီးဌာနမှ အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၅။ ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်များကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၆။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်တင်ကုန်ချလုပ်ငန်းနေရာများကို ခွင့်ပြုအတည်ပြုချက်ရရှိနိုင်ရန် ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ တင်ပြခြင်း၊

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး လက်အောက်ရှိ လုပ်ငန်းဌာနခွဲများအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရေး အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်နိုင်ရန် ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့တင်ပြခြင်း၊

(ဂ) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အလုပ်သမားများသက်သာချောင်ချိရေးတို့အတွက် ထုတ်ပြန်ထားသည့်အမိန့်၊ ညွှန်ကြားချက်များ၊ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့်စစ်ဆေးခြင်း၊

(ဃ) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများတွင် အလုပ်သမားများကို စနစ်တကျ ရွေးချယ်၍ မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းနှင့် ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(င) သင့်လျော်သည့် အနည်းဆုံးနှင့်အများဆုံး အလုပ်သမားအင်အား သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ ဂရုဏာကြေးများ သတ်မှတ်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များကိုပြုစု၍ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(စ) ကုန်တင်ကုန်ချလုပ်အားခကို ဒေသန္တရကုန်ဈေးနှုန်းများနှင့်လျော်ညီစွာ ထိုက်တန်သောလုပ်ခနှုန်းထားရရှိရေးအတွက် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာများနှင့် ညှိနှိုင်းသတ်မှတ်ပြီး ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ အတည်ပြုနိုင်ရန် တင်ပြခြင်း၊

(ဆ) သတ်မှတ်ထားသော လုပ်အားခနှုန်းထားများကို ပြင်ဆင်လိုပါက သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ အတည်ပြုနိုင်ရန် တင်ပြခြင်း၊

(ဇ) ပြည်နယ်ကုန်တင်ကုန်ချကော်မတီမှ အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း။

၁၄။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် မြို့နယ် ကုန်တင်ကုန်ချကော်မတီ၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်များကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း (၅)
## ကြီးကြပ်ကွပ်ကဲသူ၊ အလုပ်ရှင်နှင့် အလုပ်သမားများ၏တာဝန်များ

၁၅။ ကြီးကြပ်ကွပ်ကဲသူများ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဦးစီးအရာရှိများသည် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး၏ နေ့စဉ်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ ပြည်နယ်နှင့် မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ ညွှန်ကြားချက်၊ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မိမိလက်အောက်အမှုထမ်းများနှင့် အလုပ်သမားများ၏ ဘဝနှင့် လုပ်ငန်းခွင် တိုးတက်ကောင်းမွန်စေရေးကို ဆောင်ရွက်ခြင်း၊

(ခ) ကြီးကြပ်ရေးမှူးများသည် သက်ဆိုင်ရာလုပ်ငန်းဌာနခွဲများ၏ ရုံးလုပ်ငန်းဆိုင်ရာကိစ္စ၊ အလုပ်သမားရေးရာကိစ္စ၊ လုပ်ငန်းခွင်စည်းကမ်းထိန်းသိမ်းရေးကိစ္စ၊ လုပ်ငန်းအလိုက်တာဝန်ခွဲဝေချထားရေးကိစ္စ၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေးကိစ္စ၊ သက်သာချောင်ချိရေးကိစ္စ၊ စောင့်ရှောက်ရေးမှူး၊ အလုပ်သမားစုမှူးတို့၏လုပ်ငန်းတာဝန်များကိုကြီးကြပ်ခြင်းနှင့် ဦးစီးအရာရှိမှ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဂ) စာရင်းကိုင်များသည် ငွေစာရင်းဆိုင်ရာကိစ္စများကို ဘဏ္ဍာရေးစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊ ငွေစာရင်းဌာနရှိ ကော်မတီခန့်ဝန်ထမ်းများ၏လုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် ဦးစီးအရာရှိမှပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဃ) စောင့်ရှောက်ရေးမှူးများ၊ အလုပ်သမားစုမှူးများနှင့် အလုပ်သမားမှူးများသည် အလုပ်သမားများ၏ အလုပ်ချိန်နှင့် လုပ်ငန်းခွင်စီမံခန့်ခွဲရေးကိစ္စ၊ ရုံးလုပ်ငန်းကိစ္စ၊ လုပ်ငန်းသုံးပစ္စည်းထိန်းသိမ်းရေးကိစ္စ၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စများကို တည်မြဲအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊ ဦးစီးအရာရှိနှင့် အခြားတာဝန်ရှိပုဂ္ဂိုလ်များမှ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

၁၉။ အလုပ်ရှင်များ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အလုပ်ရှင်များသည် ကုန်ပစ္စည်းများတင်ခြင်း၊ ချခြင်း၊ ရွှေ့ပြောင်းခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးတွင် မှတ်ပုံတင်ထားသော အလုပ်သမားများကိုသာ ငှားရမ်းလုပ်ကိုင်စေခြင်း၊

(ခ) အလုပ်သမားတစ်ဦးတစ်ယောက် သို့မဟုတ် အစုအဖွဲ့ကို မူပိုင်လုပ်ကိုင်ခွင့်ပြုရန် တောင်းဆိုမှုကို ရှောင်ကြဉ်ခြင်း၊

(ဂ) ဒေသန္တရ ကုန်ဈေးနှုန်းနှင့်အညီ ထိုက်သင့်သော ကုန်တင်ကုန်ချလုပ်အားခ ပေးရေးညှိနှိုင်းဆုံးဖြတ်ချက်အပေါ် လိုက်နာခြင်း၊

(ဃ) တည်ဆဲအလုပ်သမားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း။

၂၀။ အလုပ်သမားများ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တာဝန်သတ်မှတ်ခွဲဝေချထားသည့် လုပ်ငန်းဌာနတွင် ပျက်ကွက်မှုမရှိဘဲ လိုက်နာထမ်းဆောင်ခြင်း၊

(ခ) ခရီးသည် သို့မဟုတ် ပိုင်ရှင်ကိုယ်တိုင် တစ်နိုင်တစ်ပိုင် သယ်ယူနိုင်သည့်ပစ္စည်းအား အတင်းအကြပ် ငှားရမ်းစေမှုကို ရှောင်ကြဉ်ခြင်း၊

(ဂ) အတင်အချပြုလုပ်သောပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(ဃ) အချင်းချင်းချစ်ခင်ရင်းနှီးစွာ နေထိုင်ခြင်း၊ ပြေပြစ်စွာဆက်ဆံခြင်း၊

(င) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်များ ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း။

## အခန်း (၆)

## ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့်နှင့် ကုန်တင်ကုန်ချ ကော်မတီနှင့်ရုံးများ တိုးချဲ့ဖွဲ့စည်းခြင်း

၂၁။ ကရင်ပြည်နယ်ရှိ ကုန်တင်ကုန်ချကော်မတီနှင့် ရုံးများသည် ပြည်နယ်ကုန်တင်ကုန်ချကော်မတီကတစ်ဆင့် ဝန်ကြီး၏အတည်ပြုချက်ဖြင့် ကုန်တင်ကုန်ချ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ရှိသည်။

၂၂။ အောက်ဖော်ပြပါ တည်နေရာများရှိ ကုန်တင်ကုန်ချ လုပ်ငန်းတစ်ရပ်ရပ်တွင် ကုန်တင်ကုန်ချအလုပ်သမား ငါးဦးနှင့် အထက်ရှိပါက လုပ်ငန်းလုပ်ကိုင်လျက်ရှိသော သို့မဟုတ် လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်လွှာကို သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချကော်မတီမှ တစ်ဆင့် ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ လျှောက်ထားရမည်-

(က) ကားကြီးရပ်ကွင်း၊ ကားဂိတ်၊ ကူးတို့ဆိပ်၊ ရေယာဉ်ဆိပ်၊ သင်္ဘောဆိပ်၊ ဆိပ်ကမ်း၊ ဘူတာရုံ၊ လေဆိပ်၊

(ခ) ဈေးများ၊ ပွဲရုံများ၊ ကုန်စည်ဒိုင်များ၊

(ဂ) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် စက်ရုံ အလုပ်ရုံများ၊

(ဃ) အများပြည်သူဆိုင်ရာ နေရာ ဌာနများရှိ ကုန်တင်ကုန်ချလုပ်ငန်းများ။

၂၃။ ပုဒ်မ ၂၂ အရ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်ထားခြင်းအပေါ် ပြည်နယ်ကုန်တင်ကုန်ချ ကော်မတီမှစိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ ဝန်ကြီး၏ သဘောတူညီမှုဖြင့် ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ပြန်လည်ပေးအပ်ခြင်းနှင့် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၄။ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချ ကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းများကိုဆောင်ရွက်ရမည်။

၂၅။ မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် ရုံးများ ဖွင့်လှစ်ထားရှိပြီးသည့် မြို့နယ်များမှအပ ကျန်မြို့နယ်များတွင် မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် ရုံးများ သို့မဟုတ် ကုန်တင်ကုန်ချ လုပ်ငန်းဌာနခွဲများကို တိုးချဲ့ဖွဲ့စည်းရန်လိုအပ်လာပါက ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် လုပ်ငန်းပေါ် အခြေအနေအရပ်ရပ်ကို စိစစ်သုံးသပ်ပြီး အကျိုးအကြောင်းပြည့်စုံစွာဖော်ပြလျက် ဝန်ကြီးထံ တင်ပြရမည်။

၂၆။ ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ကုန်တင်ကုန်ချ ကော်မတီနှင့် ရုံးများ သို့မဟုတ် ကုန်တင်ကုန်ချလုပ်ငန်းဌာနခွဲများကို တိုးချဲ့ဖွဲ့စည်း ခွင့်ပြုနိုင်သည်။

## အခန်း (၇)
## ကုန်တင်ကုန်ချကော်မတီနှင့် ရုံးများဖျက်သိမ်းခြင်း

၂၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့်ရုံးကို လည်းကောင်း၊ လုပ်ငန်းဌာနခွဲကိုလည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု အခြေအနေပြောင်းလဲမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းနေရာ ပြောင်းရွှေ့ခြင်း အပါအဝင် အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကုန်တင်ကုန်ချလုပ်ငန်းများ လျော့ကျလာခြင်းကြောင့် ဖျက်သိမ်းရမည့်အခြေအနေမျိုးကြုံတွေ့ရပါက အကျိုးအကြောင်းပြည့်စုံစွာ ဖော်ပြ၍ဖျက်သိမ်းခွင့်ပြုရန် ပြည်နယ်ကုန်တင်ကုန်ချကော်မတီမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

၂၈။ ဝန်ကြီးသည် ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ ကွင်းဆင်းစစ်ဆေးတင်ပြချက်ကို စိစစ်၍ ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖျက်သိမ်းခွင့်ပြုနိုင်သည်။

၂၉။ ပုဒ်မ ၂၈ အရ ဖျက်သိမ်းခွင့်ရရှိသော မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့်ရုံး သို့မဟုတ် လုပ်ငန်းဌာနခွဲသည် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် သက်သာချောင်ချိရေး ရန်ပုံငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းပြီး စာရင်းရှင်းတမ်း အပြည့်အစုံနှင့်တကွ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ တင်ပြရမည်။

၃၀။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် ဖျက်သိမ်းခွင့်ရရှိသော မြို့နယ်ကုန်တင်ကုန်ချ ကော်မတီ နှင့်ရုံး သို့မဟုတ် လုပ်ငန်းဌာနခွဲ၏ စာရင်းရှင်းလင်းဖျက်သိမ်း ပြီးစီးမှုအား ဝန်ကြီးမှ တစ်ဆင့် ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၈)
## အလုပ်သမားအင်အား သတ်မှတ်ဖွဲ့စည်းခြင်း၊ တာဝန်ချထားခြင်း

၃၁။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် အနည်းဆုံးနှင့် အများဆုံး အလုပ်သမားအင်အား သတ်မှတ်ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်း ပမာဏနှင့် လုပ်အားမျှတစေရေး၊ အလုပ်သမားတစ်ဦးချင်းစီ၏ လုပ်ခဝင်ငွေ မကျဆင်းစေရေးကို အခြေခံ၍ ဆောင်ရွက်ရမည်။

၃၂။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် အနည်းဆုံးနှင့် အများဆုံးအလုပ်သမားအင်အား သတ်မှတ် ဖွဲ့စည်းထားရှိမှုကို အင်အားပြောင်းလဲရန် လိုအပ်ပါက အကျိုးအကြောင်း ပြည့်စုံစွာ ဖော်ပြ၍ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့တင်ပြပြီး အတည်ပြုချက်ရယူရမည်။

[illegible]။ အလုပ်သမားအသစ်ခန့်ထားခြင်းနှင့် အလုပ်သမားအင်အား မှတ်တမ်းထိန်းသိမ်းထားရှိမှုများကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ရမည်။

[illegible]။ အလုပ်သမားများကို တာဝန်သတ်မှတ် ခွဲဝေ ချထားရာတွင် လုပ်ခဝင်ငွေညီမျှစွာရရှိရေး၊ အလုပ်သမားများအချင်းချင်း စည်းလုံးညီညွတ်စေရေးကို အခြေခံပြီး လုပ်ငန်းသဘောသဘာဝ၊ နယ်မြေပြအခြေအနေ၊ အလုပ်သမားများ၏ ဆန္ဒများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၉)

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

[illegible]။ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်တင်ကုန်ချလုပ်ငန်းများတွင် အလုပ်သမားတစ်ဦးထမ်းပိုးသယ်ဆောင်ပေးရမည့် ပစ္စည်းအလေးချိန်ကို **ILO Convention 127** အရ **Recommendation 128** တွင်သတ်မှတ်ထားသည့် အောက်ဖော်ပြပါအတိုင်းဆောင်ရွက်စေရမည် -

(က) ပေါင်အလေးချိန်ဖြင့်တွက်သော ကုန်ပစ္စည်းဖြစ်ပါက ၁၂၁ ပေါင်ထက် မကျော်လွန်စေရ၊

(ခ) ပိဿာအလေးချိန်ဖြင့်တွက်သော ကုန်ပစ္စည်းဖြစ်ပါက ၃၃. ၆ ပိဿာထက် မကျော်လွန်စေရ၊

(ဂ) ကီလိုအလေးချိန်ဖြင့်တွက်သော ကုန်ပစ္စည်းဖြစ်ပါက ၅၅ ကီလိုထက်မကျော်လွန်စေရ။

၃၆။ အထက်ဖော်ပြပါ အလေးချိန်များထက် ကျော်လွန်သော ကုန်ပစ္စည်းများ ဆောင်ရွက်ရပါက အလုပ်သမားများ ဝန်မပိစေရေးအတွက် ကုန်ပစ္စည်း၏အလေးချိန်၊ အရွယ်ပမာဏကိုသုံးသပ်၍ အလုပ်သမားနှစ်ဦး သို့မဟုတ် လိုအပ်သည့် အလုပ်သမားဦးရေဖြင့် ထမ်းပိုးဆောင်ရွက်စေရမည်။

[illegible]။ စက်ပစ္စည်းများ၊ ပေကျုံကုန်ပစ္စည်းများ၊ မီးလောင်ပေါက်ကွဲလွယ်သော ကုန်ပစ္စည်းများအတင်အချ လုပ်ငန်းကို စနစ်တကျကြီးကြပ်ဆောင်ရွက်ရမည်။

## အခန်း (၁၀)

## သက်သာချောင်ချိရေးရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

[illegible]။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် အလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝ အာမခံချက်ရရှိရေးအတွက် သက်သာချောင်ချိရေးရန်ပုံငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိရမည်။

[illegible]။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ဂရုဏာကြေးနှုန်းများ သတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍

[illegible]ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူ ဆောင်ရွက်ရမည်။

၄၀။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် နှစ်စဉ်ငွေစာရင်းစစ်ဆေးခြင်း အစီရင်ခံစာကိုပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ တင်ပြရမည်။

၄၁။ လိုအပ်ချက်အရ ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တာဝန်ပေးအပ်သော စာရင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၁၁)

## အလုပ်သမားသက်သာချောင်ချိရေး လုပ်ငန်းများဆောင်ရွက်ခြင်း

၄၂။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရှိ ကော်မတီခန့်လခစား၊ ဝေစုစားဝန်ထမ်းနှင့် အလုပ်သမားများ၏အကျိုးခံစားခွင့်များမှာ -

(က) ငွေလက်ငင်းအကျိုးခံစားခွင့်နှင့် မကျန်းမာမှုဆိုင်ရာခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုခံစားခွင့်၊ သက်ကြီးရွယ်အိုခံစားခွင့်၊ မသန်စွမ်းမှုဆိုင်ရာခံစားခွင့်၊ အလုပ်မှနုတ်ထွက်ခွင့်ဆိုင်ရာခံစားခွင့်၊ သေဆုံးမှုဆိုင်ရာ လက်ငင်းအကျိုးခံစားခွင့်၊ မီးဖွားမှုဆိုင်ရာခံစားခွင့်၊ ပညာရေးဆိုင်ရာခံစားခွင့်နှင့် အားလပ်ချိန်ဆိုင်ရာခံစားခွင့်များကိုသတ်မှတ်ထားချက်နှင့်အညီရရှိစေရမည်၊ လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်သောမြို့နယ်ဖြစ်ပါက ယင်းဥပဒေနှင့်အညီ အကျိုးခံစားခွင့် ရရှိစေရမည်။

(ခ) လုပ်ငန်းခွင်အတွင်း သက်သာချောင်ချိရေးခံစားခွင့်ရရှိစေရန် လုပ်ငန်းခွင်သုံးကိရိယာများလုံလောက်စွာ ထားရှိခြင်း၊ သန့်ရှင်းသောသောက်သုံးရေ ထားရှိခြင်း၊ ရှေးဦးသူနာပြုဆေးသေတ္တာနှင့် ဆေးဝါးထားရှိခြင်း၊ တူညီဝတ်စုံထုတ်ပေးခြင်းများကိုပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အကျိုးခံစားခွင့်ရရှိစေရမည်။

(ဂ) လုပ်ငန်းခွင်ပြင်ပ သက်သာချောင်ချိရေးခံစားခွင့်ရရှိစေရန် အနားယူရန် နေရာများဆောက်လုပ်ပေးခြင်း၊ အလုပ်သမားများ ဗဟုသုတတိုးပွားစေရန် စီစဉ်ပေးခြင်း၊ အပန်းဖြေနေရာသတ်မှတ်ပေးခြင်းများကို ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့တင်ပြအတည်ပြုချက်ရယူပြီး အကျိုးခံစားခွင့်ရရှိစေရမည်။

## အခန်း (၁၂)
## လုပ်ငန်းခွင်စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် အရေးယူခြင်း

၄၈။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် -

(က) ကုန်တင်ကုန်ချလုပ်ငန်းအခြေအနေနှင့် ကိုက်ညီသော အလုပ်သမားဂိုဏ်းချိန်နှင့် ဂိုဏ်းသိမ်းချိန်များကို သတ်မှတ်ပေးရမည်။

(ခ) အလုပ်သမားများ၏ ခွင့်ခံစားခြင်းအပါအဝင် လုပ်ငန်းခွင်စည်းကမ်းချက်များကို သတ်မှတ်ပေးရမည့်အပြင် ခွင့်မှတ်တမ်းများကိုလည်း စနစ်တကျထားရှိရမည်။

(ဂ) လုပ်ငန်းခွင်အတွင်း တာဝန်ပျက်ကွက်မှု၊ ကုန်ပစ္စည်းပျက်စီးဆုံးရှုံးမှု၊ ပစ္စည်းခိုးယူမှု၊ ကိုယ်ကျိုးရှာအလွဲသုံးမှု၊ မူးယစ်သောက်စားမှု၊ ခိုက်ရန်ဖြစ်ပွားမှုများ မဖြစ်ပေါ်ရန်နှင့် ဖြစ်ပေါ်ပါက သတ်မှတ်အမိန့်၊ စည်းကမ်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ရမည်။

## အခန်း (၁၃)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၉။ မည်သူမဆို အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ခွင့်ပြုချက်မရှိဘဲ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခြင်း၊

(ခ) ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်ဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊

(ဂ) မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားခကို အလွဲသုံးစားပြုခြင်း၊

(ဃ) အလုပ်သမားများလုပ်ကိုင်နေသော လုပ်ငန်းခွင်သို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်၍ ကျူးကျော်လုပ်ကိုင်ခြင်း၊ အုပ်စုဖွဲ့၍ အနိုင်အထက်ပြုခြင်း၊

(င) ပြည်နယ်ကုန်တင်ကုန်ချကော်မတီ သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချ ကော်မတီမှ တာဝန်ပေးအပ်ထားသူ ကော်မတီဝင်တစ်ဦးဦး သို့မဟုတ် ကုန်တင်ကုန်ချလုပ်ငန်း စစ်ဆေးရန်တာဝန်ရှိသူတစ်ဦး၏ စစ်ဆေးမှုကို တားဆီးခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း၊

(စ) ဤဥပဒေအရ ထုတ်ပြန်ထားသောနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် တည်ဆဲကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာ ကြီးကြပ်အုပ်ချုပ်ရေးအမိန့်ကို ချိုးဖောက်ခြင်း။

## အခန်း (၁၄)

## အထွေထွေ

၄၅။ ဤဥပဒေပါ ပြစ်မှုကျူးလွန်သူကို အရေးယူရာတွင် ဝန်ကြီး၏ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၄၆။ ဤဥပဒေအရ အရေးယူသောပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ်သတ်မှတ်သည်။

၄၇။ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လက်အောက်ရှိ မြို့နယ်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီနှင့် ရုံးများအား ဤဥပဒေနှင့်အကျုံးဝင်သက်ဆိုင်စေရန်အတွက် ပြည်နယ် ကုန်တင်ကုန်ချကော်မတီသည် အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဗဟို ရေကြောင်းကုန်တင်ကုန်ချကော်မတီနှင့် ညှိနှိုင်း၍ ယင်း၏လုပ်ငန်းနှင့်လုပ်ပိုင်ခွင့်အရပ်ရပ်ကို ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းတစ်ခု၏ ကြီးကြပ်မှုဖြင့် စနစ်တကျ [illegible]ကြောင်းရယူရမည်။

၄၈။ ကုန်တင်ကုန်ချကော်မတီနှင့် ရုံးများ၊ လုပ်ငန်းဌာနခွဲများတွင် ခန့်အပ်ထားသော ဝန်ထမ်းများ မည်သည့်တာဝန်ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၉။ ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက် များသည် ဤဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၅၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ များ၊ စည်းမျဉ်း၊ စည်းကမ်း များကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လိုအပ် သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ
ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဇော်မင်း)
ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့